
# အရေဖျားလှီးခြင်းပဋိညာဉ် ( ၂ ) မျိုး



အမျိုးမျိုးသော ပဋိညာဉ်သည် ကျမ်းစာထဲ၌ရှိမည်ဖြစ်သည် သို့သော် လည်းအရေးဖျားလှီးခြင်း ပဋိညာဉ်မျိုးကိုဖော်ပြလိုပါသည်။ ယုံကြည်သူတစ်ယောက်အနေဖြင့် သိသင့်သိထိုက်သောအရာဖြစ်သည်။

## အရေဖျားလှီးခြင်းပဋိညာဉ်

အရေဖျားလှီးခြင်းပဋိညာဉ်သည် ဘုရားသခင်နှင့် အာဗြံနှင့် ဖွဲ့သော ပဋိညာဉ်ဖြစ်သည် ပဋိညာဉ်၏အဓိပ္ပယ်သည် စာချုပ်ချုပ်ခြင်းဖြစ်သည်။ ပဋိညာဉ်ဖွဲ့သောအရာသည် အစ္စရေးလူမျိုး သားယောက်ျားတိုင်းမွေးသောအခါ၊ အရေဖျားလှီးရမည် အရေဖျားကိုမလှီးလျှင် ဘုရားသခင်၏သားသမီးအမျိုးမှ ပယ်ရှင်းမည်ဖြစ်သည်။

၁။ အာဗြံနှင့် ဘုရားသခင် ပဋိညာဥ်ပြုသောအချိန်သည် ( B.C. 2081 ) ပတ်ဝန်းကျင်မှာဖြစ်သည်ဟုယူဆရသည်။ အာဗြံသည် အသက် ( ၉၉ ) နှစ်မှာဘုရားသခင်နှင့်ပဋိညာဥ်ပြုသည်။ (က၊၁၇း၁ )။ အာဗြံ၏ အဓိပ္ပယ်သည် ( Exalted Father , ချီးမြှောက်ခြင်းကိုခံရသောဘခင်) ဟုခေါ်သည်။ (က၊ ၁၇း၅ )။ အာဗြဟံ၏ အဓိပ္ပယ်သည် ( Father of a Multitude, လူအမြောက်အများတို့၏ဖခင် ) ဟုခေါ်သည်။( က၊၁၇း၅ )။

၅။စာရဲ၏အဓိပ္ပယ်သည် ( Princess, မင်းသမီး ) ဟုခေါ်သည်။ ( က၊ ၁၇း၁၅ ) စာရာ၏အဓိပ္ပယ်သည် ( Princess, မင်းသမီး ) ဟုခေါ်သည်။( က၊ ၁၇း၁၅ )။

အစ္စရေးလူမျိုးများသည် သားယောကျာ်းမွေးသည်ဖြစ်စေ၊ ကိုယ့် အမျိုးမဟုတ်။ လူမျိုးခြား ငွေနှင့်ဝယ်သောသူ ဖြစ်စေ၊ ရှစ်ရက်နေ့၌ အရေဖျားလှီးခြင်းမင်္ဂလာကိုခံရမည်။

**က၊ ၁၇း၉-၁၄ တစ်ဖန် ဘုရားသခင် က အာဗြဟံ အား “ သင် မူကား သင် မှစ၍ နောင်လာမည့် သင် ၏ သားစဉ်မြေးဆက် တို့ သည် မျိုးဆက် အစဉ်အဆက် ငါ ၏ ပဋိညာဉ် ကို စောင့်ထိန်း ရ မည် ။ ၁၀ငါ နှင့် သင် တို့ ကြား ၌ လည်းကောင်း ၊ နောင်လာမည့် သင် ၏ သားစဉ်မြေးဆက် ကြား ၌ လည်းကောင်း သင် တို့ စောင့်ထိန်း ရ မည့် ငါ ၏ ပဋိညာဉ် ကား ဤသို့ တည်း ။ သင် တို့ တွင် ရှိ သော ယောကျာ်း တိုင်း အရေဖျားလှီး ခြင်း ကို ခံရ မည် ။ ၁၁ သင် တို့ သည် သင် တို့ ၏ ထိပ်ဖုံးအရေပြား အသား ၌ အရေဖျားလှီး ခြင်း ကို ခံရ မည် ။ ၎င်း သည် ငါ နှင့် သင် တို့ ကြား ၌ ပြု သော ပဋိညာဉ် ၏ အမှတ်လက္ခဏာ ဖြစ် ရ မည် ။ ၁၂ သင် တို့ ၏ မျိုးဆက် အစဉ်အဆက် သင် တို့ တွင် ရှိ သော ယောကျာ်း တိုင်း သည် အိမ် ၌ မွေးဖွား သော သူ ဖြစ်စေ ၊**

**တိုင်းတစ်ပါးသား တစ်စုံတစ်ဦး ထံမှ ငွေ ဖြင့် ဝယ် ထား သည့် သင် ၏ အမျိုး အနွယ် မ ဟုတ် သော သူ ဖြစ်စေ ရှစ် ရက် သား အရွယ် ၌ အရေဖျားလှီး ခြင်း ကို ခံရ မည် ။ ၁၃ သင် ၏ အိမ် ၌ မွေးဖွား သော သူ ဖြစ်စေ ၊ သင် ၏ ငွေ ဖြင့် ဝယ်ထား သော သူ ဖြစ်စေ အရေဖျားလှီး ခြင်း ကို မုချ ခံရ မည် ။ ဤသို့ အားဖြင့် ငါ ၏ ပဋိညာဉ် သည် ထာဝရ ပဋိညာဉ် အဖြစ် သင် တို့ ၏ အသား တွင် တည် လိမ့်မည် ။ ၁၄ အရေဖျားမလှီး ထား သော ယောကျ်ား တည်း ဟူသော မိမိ ၏ ထိပ်ဖုံးအရေပြား အသား ၌ အရေဖျားလှီး ခြင်း ကို မ ခံ ထား သော သူ သည် မိမိ ၏ လူမျိုး မှ ပယ်ဖျက် ခြင်း ခံရ မည် ။ ထို သူ သည် ငါ ၏ ပဋိညာဉ် ကို ချိုးဖောက် လေ ပြီ ” ဟု မိန့် တော်မူ ၏ ။**

ဤရေဖျားလှီးခြင်းပဋိညာဉ်သည် ထာဝရ ပဋိညာဉ်ဖြစ်သည် အရေဖျားမလှီးလျှင် ဘုရားသခင်၏အမျိုးမှ အစ္စရေးလူမျိုးကို ပယ်ရှင်းမည်ဖြစ်သည်။ ထို့ကြောင့်အရေးကြီးသည်။

၁။ အာဗြဟံသည် အသက် ၉၀ နှစ်မှာအရေဖျားလှီးခြင်း မင်္ဂလာခံခဲ့သည်။ ( က၊ ၁၇း၂၄ ) သားဣရှမေလသည်လည်း အသက် ၁၃ နှစ်မှာ အရေဖျားလှီး ခြင်း မင်္ဂလာခံခဲ့သည်။ ( က၊ ၁၇း၂၅ )။

၂။ ဣဇက်သည်လည်း ၈ ရက်နေ့မှာ အရေဖျားလှီးခြင်း မင်္ဂလာခံခဲ့သည်။

( တ၊ ၇း၈ )။

၃။ ဗတ္တိဇံဆရာ ယောဟန်သည်လည်း ၈ ရက်နေ့မှာ အရေဖျားလှီးခြင်း မင်္ဂလာခံ ခဲ့သည်။ ( လု၊ ၁း၅၉ )။

၄။ ယေရှုသည် ၈ ရက်နေ့မှာ အရေဖျားလှီးခြင်း မင်္ဂလာခံခဲ့သည်။ ( လု၊ ၂း၂၁ )။

၅။ ရှင်ပေါလုသည်လည်း ၈ ရက်နေ့မှာ အရေဖျားလှီးခြင်း မင်္ဂလာခံခဲ့သည်။ ( ဖိ၊ ၃း၅ )။

## တစ်ပါးအမျိုးသားများ

တစ်ပါးအမျိုးသားများသည် ဘုရားမဲ့တရားမဲ့နေသောသူများဖြစ်ကြသည် သားယောက်ျားမွေးကြသောအခါ၌လည်း အရေဖျားလှီးခြင်းများ မပြုလုပ်ကြချေ။ ထို့ကြောင့် ဘုရားသခင်၏အမျိုးအနွယ်မဖြစ်နိုင်ကြချေ။ ထို့ကြောင့် လူမျိုးတစ်ကာတို့သည် ဘုရားသခင်၏အမျိုးအနွယ်ဖြစ်ဖို့ရန် စိတ်နှလုံး အရေဖျားလှီးဖို့ရန်ဖြစ်သည်။

## စိတ်နှလုံးဖြင့်အရေဖျားလှီးရမည်

ဘုရားသခင်သည် ကိုယ်ခန္ဓာအသား၌အရေဖျားလှီးဖို့ရန် အာဗြဟံနှင့် ပဋိညာဉ်ဖွဲ့ခဲ့သော်လည်း ယခုနောက်ဆုံးသောကာလ၌ ကိုယ်ခန္ဓာ၌ အရေဖျားလှီးခြင်းကို လက်မခံတော့ချေ။ ကိုယ်ခံန္ဓာ၌ အရေဖျားမလှီးတော့ပဲ စိတ်နှလုံးဖြင့် အရေဖျားလှီးရလိမ့်မည်ဟုဆိုထားသည်။

**တရားဟောရာကျမ်း၊ ၃၀း၆ သင် သည် အသက်ရှင် ၍ သင် ၏ ဘုရား**

**သခင် ထာဝရဘုရား ကို စိတ်နှလုံး အကြွင်းမဲ့ ၊ စိတ်ဝိညာဉ် အကြွင်းမဲ့ ချစ်မည့် အကြောင်း သင် ၏ ဘုရားသခင် ထာဝရဘုရား သည် သင့် စိတ်နှလုံး ၊ သင့် သားမြေး တို့ ၏ စိတ်နှလုံး အရေဖျား ကို လှီး တော်မူ မည် ။**

# ယေရှုခရစ်၌မှန်သောအရေဖျားလှီးခြင်း



**ဖိ၊ ၃း၃ အကြောင်းမူကား ဘုရားသခင် ၏ ဝိညာဉ် တော် အားဖြင့် ဝတ်ပြု ၍ ခရစ်တော် ယေရှု ၌ ဝါကြွား လျက် အသွေး အသား ၌ ကိုးစား ခြင်း မ ရှိ သော ငါ တို့ သည် အရေဖျား လှီး ထား သော သူ အစစ်အမှန် ဖြစ် ကြ ၏။**

လောကီသားများသည် ခရစ်တော်နှင့်အတူသေ၊ အတူသင်္ဂြိုဟ်ခြင်း၊ ခရစ်တော်နှင့်အတူ ထမြောက်ခြင်းသည် ခရစ်တော်တော်၌စစ်မှန်သော အရေဖျားလှီးခြင်းဖြစ်သည်။ လက်ဝါးကပ်တိုင်တရားသည် အရေဖျားလှီးသောနေရာ

ဖြစ်သည်။ သင်သည် အရေဖျားလှီးခြင်းကိုခံပြီလော၊ မခံသေးလျှင်သင်သည် အာဗြဟံ၏အမျိုးအနွယ်မဟုတ်သေးချေ။ အာဗြဟံနှင့်အတူအမွေခံလို့မရချေ။

## ခရစ်တော်၌အရေဖျားလှီးခြင်း

**ကောလောသဲ၊ ၂း၁၁ ခရစ်တော်၏ အရေဖျားလှီးခြင်းအားဖြင့် ဇာတိပကတိအပြစ်၏ ကိုယ်ကိုပယ်ရှင်း၍၊ လက်ဖြင့်မလုပ် သော အရေဖျားလှီးခြင်းကို ထိုသခင်၌ သင်တို့သည် ခံကြသည်ဖြစ်၍။**

ခရစ်တော်၌အရေဖျားလှီးခြင်းသည် ဇာတိပကတိတည်းဟူသော ကိုယ်ခန္ဓာ၌မဟုတ်ချေ။ လူ့လက်ဖြင့်မလုပ်သော အရေဖျားလှီးခြင်းဖြစ်သည်။ ထိုအရေဖျားလှီးခြင်းသည် ခရစ်တော်ကိုမိမိ၏ကယ်တင်ပိုင်ရှင်အဖြင့် လက်ခံယုံကြည်ခြင်းဖြစ်သည်။

**ကောလောသဲ၊ ၂း၁၂-၁၅ ဗတ္တိဇံအားဖြင့် ထိုသခင်နှင့်အတူ သင်္ဂြိုဟ်ခြင်းကို ခံကြ၏။ ခရစ်တော်ကို သေခြင်းမှ ထမြောက်စေ တော်မူသော ဘုရားသခင်၏ ပြုပြင်အားထုတ်တော်မူခြင်းကို ယုံကြည်သောအားဖြင့်၊ ဗတ္တိဇံကိုခံ၍ ထိုသခင် နှင့်အတူ ထမြောက်ခြင်းသို့ ရောက်ကြ၏။ ၁၃ ဒုစရိုက်အပြစ်၌၎င်း၊ ဇာတိပကတိ၏ အရေဖျားလှီးခြင်းကို မခံသောအဖြစ်၌၎င်း သေလျက်ရှိနေသော သင်တို့ကို ခရစ်တော်နှင့်အတူ အသက်ရှင်စေ၍၊ သင်တို့အပြစ်ရှိသမျှတို့ကို လွှတ်တော်မူ၏။ ၁၄ ငါတို့နှင့်ဆန့်ကျင်ဘက်ဖြစ်သော ဝိနည်းအထုံးအဖွဲ့နှင့် စပ်ဆိုင်သောလက်မှတ်ကို ချေ၍၊ လက်ဝါး ကပ်တိုင်မှာ ရိုက်ထားလျက်၊ ငါတို့စပ်ကြားထဲက ပယ်ရှင်းတော်မူပြီ။ ၁၅ အထွဋ်အမြတ်၊**

**အာဏာစက်များကို လုယူလျှင်၊ ထင်ရှားစွာ ထုတ်ပြ၍လက်ဝါးကပ်တိုင်တော်အားဖြင့် အောင်ပွဲကို ခံတော်မူပြီ။**

ခရစ်တော်၌ဗတ္တိဇံခံခြင်းသည် ခရစ်တော်နှင့်အတူသေခြင်း၊ အတူသင်္ဂြိုဟ်ခြင်း၊ အတူထမြောက်ခြင်းသည် ခရစ်တော်၌ဗတ္တိဇံခံခြင်းဖြစ်သည်။ ခရစ်တော်၌ဗတ္တိဇံခံသောသူများတို့၏အပြစ်ရှိသမျှတို့ကို လွှတ်ပေး၍၊ လက်ဝါးကားတိုင်တော်အားဖြင့် အောင်ပွဲကိုခံကြရပြီ။ ဘုရားနာမဘုန်းကြီးပါစေ။

## ကျမ်းဟောင်းတရားအားဖြင့်မဟုတ်၊ဝိညာဉ်တော်တရားအားဖြင့်

**ရောမ၊ ၂း၂၈-၂၉ အကြောင်းမူကား၊ အပြင်အားဖြင့်သာ ယုဒလူဖြစ်သောသူသည် ယုဒလူမှန်မဟုတ်။ အပြင်အားဖြင့်သာ ကိုယ်အသား အရေဖျားလှီးခြင်းသည် အရေဖျားလှီးခြင်း အမှန် မဟုတ်။ ၂၉ အတွင်းအားဖြင့် ယုဒလူဖြစ်သောသူသည် ယုဒလူမှန်၏။ အရေဖျားလှီးခြင်းလည်း ကျမ်းဟောင်းတရားအားဖြင့်မဟုတ်ဘဲ၊ ဝိညာဉ်တော်တရားအားဖြင့် စိတ်နှလုံးနှင့်စပ်ဆိုင်၏။ ထိုသို့အရေးဖျားလှီးခြင်းကို ခံသောသူ၏အချီးအမွမ်းသည် လူအလိုနှင့်မဆိုင်၊ ဘုရားသခင့်အလိုတော်နှင့်ဆိုင်သတည်း။**

အပြင်အားဖြင့် ယုဒလူသည် ယုဒလူမှန်မဟုတ်၊ အပြင်အားဖြင့်သာ ကိုယ်အသား အရေဖျားလှီးခြင်းသည် အရေဖျားလှီးခြင်း အမှန် မဟုတ်ဟုဆိုသည်။

အတွင်းအားဖြင့် ယုဒလူဖြစ်သောသူသည် ယုဒလူမှန်၏ဟုဆိုသည်။ အတွင်းအားဖြင့်ရေဖျားလှီးခြင်းသည် ခရစ်တော်နှင့်အတူသေခြင်း၊ အတူသင်္ဂြိုဟ်ခြင်း၊

ခရစ်တော်နှင့်အတူ ထမြောက်ခြင်းသည် ခရစ်တော်တော်၌စစ်မှန်သော အရေဖျားလှီးခြင်းဖြစ်သည်။ ခရစ်တော်ကိုယုံကြည်ခြင်းသည် အတွင်းအားဖြင့်အရေဖျားလှီးခြင်းဖြစ်သည်။ ယခုအချိန်တွင် စစ်မှန်သောယုဒလူများသည် ယုံကြည်သူများသာလျှင်ဖြစ်သည်။ အသွေးအသား၌ယုဒလူများတို့သည် ခရစ်တော်ကို မယုံကြည်ကြသောကြောင့် ယုဒလူမျိုးအစစ်အမှန်မဟုတ်ကြချေ။ ကျမ်းဟောင်းတရားတည်းဟူသော ပညတ်တော်အရမဟုတ်တော့ဘဲ၊ ဝိညာဉ်တော်တရားအားဖြင့် စိတ်နှလုံးနှင့်စပ်ဆိုင်၍ ယုံကြည်လက်ခံရသည်။

## ယုံကြည်သူတိုင်း အာဗြဟံ၏အမျိုးအနွယ်

**ဂ၊ ၃း၂၆-၂၉ အဘယ်သို့နည်းဟူမူကား၊ သင်တို့အပေါင်းသည် ယေရှုခရစ်ကို ယုံကြည်သဖြင့် ဘုရားသခင်၏သား ဖြစ်ကြ၏။ ၂၇ခရစ်တော်၌ ဗတ္တိဇံကိုခံသောသူရှိသမျှတို့သည် ခရစ်တော်ကို ယူတင်ဝတ်ဆောင်သောသူဖြစ်ကြ၏။ ၂၈ ယေရှုခရစ်၌ယုဒလူမရှိ၊ ဟေလသလူမရှိ၊ ကျွန်မရှိ။ လူလွတ်မရှိ၊ ယောကျ်ားမရှိ၊ မိန်းမမရှိ၊ ထိုသခင်၌ သင်တို့အပေါင်းသည် တလုံးတဝတည်း ဖြစ်ကြ၏။ ၂၉ ခရစ်တော်နှင့်စပ်ဆင်လျှင်အာဗြဟံ၏ အမျိုးအနွယ်ပင်ဖြစ်၍၊ ဂတိတော်အတိုင်း အမွေခံ၏ အရာ၌ တည်ကြ၏။**

ခရစ်တော်၌လူမျိုးရေးမရှိတော့ချေ။ အဆင့်အတန်းလည်းမရှိတော့ချေ၊ ယုံကြည်သူအားလုံးသည် တန်းတူညီတူ၊ ခရစ်တော်၌မိသားစုများဖြစ်ကြပြီ။ ခရစ်တော်ကိုယုံကြည်လက်ခံသောသူများတို့သည် အမျိုးလည်းပြောင်းသွားပါပြီ။ ခရစ်တော်နှင့်ဆက်ဆိုင်လျှင်အာဗြဟံ၏ အမျိုးအနွယ်ပင်ဖြစ်၍၊ ဂတိတော်အတိုင်း အမွေခံ၏ အရာ၌ တည်ကြသောသူများဖြစ်ကြပြီ။

## စိတ်နှလုံးနှင့်၊ နားနှင့်အရေဖျားမလှီးသောသူ

**တ၊၇း၅၁ လည်ပင်းခိုင်မာ၍ နှလုံးဖြင့်၎င်း၊ နားဖြင့်၎င်း အရေဖျားလှီးခြင်းကို မခံသောလူတို့၊ သင်တို့သည် သန့်ရှင်းသော ဝိညာဉ်တော်ကိုအစဉ်မပြတ် ဆန့်ကျင် ဘက် ပြုလေ့ရှိကြ၏။ သင်တို့ဘိုးဘေးများ၏ အလေ့နှင့် သင်တို့အလေ့တူ၏။**

ခရစ်တော်ကိုယုံကြည်လက်ခံလာဖို့ရန်အတွက် နားအားဖြင့်ကြားနာဖို့ရန်လိုသည်။ စိတ်နှလုံးအားဖြင့်လည်းယုံကြည်လက်ခံဖို့ရန်လိုအပ်သည်။ နှလုံးဖြင့်၎င်း၊ နားဖြင့်၎င်း အရေဖျားလှီးခြင်းဖြစ်သည်။

## အရေဖျားလှီးခြင်းသည် ယုံကြည်ခြင်း၏တံဆိပ်

**ရောမ၊ ၄း၁၇ ငါတို့အဘအာဗြဟံသည် ထိုသူအပေါင်းတို့၏ အဘဖြစ်အံ့သောငှါ၎င်း၊ အရေဖျားလှီးခြင်းကို ခံသည် သာမက၊ ငါတို့အဘအာဗြဟံသည် အရေဖျားလှီးခြင်းကို မခံမှီရှိသောယုံကြည်ခြင်းလမ်းသို့လိုက်သော သူတို့၏ အဘဖြစ်အံ့သောငှါ၎င်း၊ အာဗြဟံသည် အရေဖျားလှီးခြင်းကိုမခံမှီရှိသော ယုံကြည်ခြင်း၏ဖြောင့်မတ်ခြင်း တံဆိပ်တည်းဟူသော အရေဖျား လှီးခြင်း၏ လက္ခဏာကို ခံရသတည်း။**

အာဗြဟံသည် အရေဖျားမလှီးခင်၌ရှိသော သူ၏ယုံကြည်ခြင်းကို သူ၏ဖြောင့်မတ်ခြင်းအဖြင့် အသိအမှတ်ပြု၍ ဘုရားသခင်က အရေဖျားလှီးခြင်းအားဖြင့် တံဆိပ်ခတ်သည်။ ထို့ကြောင့် အရေဖျားလှီးခြင်းသည် ယုံကြည်ခြင်း

အားဖြင့်ရရှိသော ဖြောင့်မတ်ခြင်း၏တံဆိပ်ဖြစ်သည်။ အရေဖျားလှီးခြင်းအားဖြင့် ဖြောင့်မတ်ခြင်းကိုရရှိသည်မဟုတ်ဘဲ၊ ယုံကြည်ခြင်းအားဖြင့် ဖြောင့်မတ်ရာသို့ရောက်ကြသည်။

## သတ္တဝါအသစ်ဖြစ်ခြင်း

**ဂ၊ ၆း၁၅ အကြောင်းမူကား၊ ယေရှုခရစ်ထံ၌ အရေဖျားလှီးခြင်းအကျိုးမရှိ။ မခံဘဲနေခြင်းလည်း အကျိုးမရှိ။ သတ္တဝါသစ်ဖြစ်ခြင်းသာ အကျိုးရှိ၏။**

ယေရှုခရစ်ထံ၌ အရေဖျားလှီးခြင်းအကျိုးမရှိ။ မခံဘဲနေခြင်းလည်း အကျိုးမရှိဟုဆိုသည်။ ခရစ်တော်၌လူသစ်ဖြစ်ခြင်းသာလျှင် အရေးကြီးသည်။ လူသည်ခရစ်တော်၌ရှိလျှင် မည်သူမဆို အသစ်ဖန်ဆင်းခြင်းကိုခံသော လူသစ်ဖြစ်သည်။(၂ကော၊ ၅း၁၇)။

## မေတ္တာဖြင့်ပြုပြင်တတ်သောယုံကြည်ခြင်း

**ဂ၊ ၅း၆ ယေရှုခရစ်တော်၌ အရေဖျားလှီးခြင်း အကျိုးမရှိ၊ မခံဘဲနေခြင်းလည်းအကျိုးမရှိ။ မေတ္တာအားဖြင့် ပြုပြင်တတ်သော ယုံကြည်ခြင်းသာ အကျိုးရှိ၏။**

မေတ္တာအားဖြင့် ပြုပြင်တတ်သော ယုံကြည်ခြင်းသာ အကျိုးရှိ၏ဟုဆိုသည်။ ဘုရားသခင်သည် အပြစ်သားများကို ငရဲမသွားစေချင်သောကြောင့် မိမိ၌ရှိသော တစ်ပါးတည်းသောသားတော်ကို အပြစ်ရှိသော လောကီသား

အကျွန်ုပ်တို့ကိုပေးသည်။ ထိုအရာသည် မေတ္တာအားဖြင့် ပြုပြင်တတ်သော ယုံကြည်ခြင်းသာဖြစ်သည်။ ထိုမေတ္တာကြောင့် အကျွန်ုပ်တို့သည် လူသစ်ဖြစ်ခွင့်ရရှိခြင်းဖြစ်သည်။

## အရေဖျားလှီးခြင်းတရားသည်လက်ဝါကပ်တိုင်ကိုထိခိုက်

**ဂ၊ ၅း ၁၁ တဖန်တုံ၊ ညီအစ်ကိုတို့၊ ငါသည် အရေဖျားလှီးခြင်းတရားကို ဟောပြောသေးသည်မှန်လျှင်၊ အဘယ် ကြောင့်ညှဉ်းဆဲခြင်းကို ခံရသေးသနည်း။ ထိုသို့ပြောလျှင်၊ လက်ဝါးကပ်တိုင်တော်ကို ထိမိ၍လဲစရာအကြောင်း ပယ်ရှင်းလျက်ရှိ၏။**

အရေဖျားလှီးခြင်းနှင့် လက်ဝါးကပ်တိုင်းတရားသည် ဆန့်ကျင်ဖက်ဖြစ်သည်။ အရေဖျားလှီးခြင်းသည် ကိုယ်ခန္ဓာနှင့်ဆိုင်သည်။ လက်ဝါးကပ်တိုင်းတရားသည် စိတ်နှလုံးနှင့်ဆိုင်သည်။ အရေဖျားလှီး၍ကောင်းကင်တက်ဖို့ကြိုးစားသောသူများအတွက် လက်ဝါးကပ်တိုင်းတရားသည် ထိမိ၍လဲစရာအကြောင်းဖြစ်သည်ဟူ၍ ရှင်ပေါလုကဆိုသည်။ ယုံကြည်ခြင်းအားဖြင့် ခရစ်တော်၌ အရေဖျားလှီးသောသူများအတွက်လည်း ကိုယ်ခန္ဓာအရေဖျားလှီးခြင်းမလိုအပ်တော့ချေ။

## အရေဖျားလှီးသောသူနှင့်မလှီးသောသူ

**ရောမ၊ ၂း၃၀ အကြောင်းမူကား၊ အရေဖျားလှီးခြင်းကို ခံသောသူနှင့် မခံသော သူနှစ်ဦးကိုယုံကြည်ခြင်းအားဖြင့် ဖြောင့်မတ်ရာ၌တည်စေတော်မူသော ဘုရားသခင်တဆူတည်း ရှိတော်မူ၏။**

ကိုယ်ခန္ဓာ၌အရေဖျားလှီးခြင်းကို ခံသောသူနှင့် မခံသော သူနှစ်ဦးကို ယုံကြည်ခြင်းအားဖြင့် ဖြောင့်မတ်ရာ၌တည်စေတော်မူသော ဘုရားသခင်တဆူတည်း ရှိတော်မူသည်။ ဘုရားနာမဘုန်းကြီးပါစေ။

ဤစာအုပ်ကိုလေ့လာသောသူ ညီအစ်ကိုများအပေါ် ဘုရားအထံတော်က ဝိညာဉ်ပိုင်းနှင့်ဆိုင်သော စစ်မှန်သော ကောင်းချီးသက်ရောက်ပါစေ။